ဗိုလ်လုကုန်းကျေးရွာ

အောင်လံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

# (၂၀၁၈-၂၀၁၉)ခုဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဗိုလ်လုကုန်းကျေးရွာ၊ အောင်လံမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ

# မာတိကာ

မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဗိုလ်လုကုန်းကျေးရွာ၏ ကျေးရွာ သူ/ သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင် ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြ ရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက် အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက် အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည် ၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာ လ ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဗိုလ်လုကုန်းကျေးရွာ

အောင်လံမြို့နယ်


ဘုန်းကြီးကျောင်း
စာသင်ကျောင်း
ကျေးလက်ဆေးပေးခန်း
စာကြည့်တိုက်
အုပ်ချုပ်ရေးရုံး

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

မိုလ်လုကုန်းကျေးရွာသည် မိုလ်လုကုန်းအုပ်စုတွင်ပါဝင်ပြီး အောင်လံမြို့၏အရှေ့မြောက်ဘက် အောင်လံ-ပြည်ကားလမ်းမကြီးအရှေ့ဘက်(၁၇) မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်အနောက်ဘက်တွင်အောင်လံမြို့တောင်ဘက်တွင်ရွာဦးဘုန်းကြီးကျောင်းနှင့်စာသင်ကျောင်း တည်ရှိပြီး အနောက်ဘက်နှင့်မြောက်ဘက်တွင် ယာခင်း၊လယ်ခင်းများနှင့်ချောင်းရှိပါသည်။မိုလ်လုကုန်း ကျေးရွာ၏အရှေ့ဘက်တွင် တောင်ကုန်းများရှိပါသည်။ အောင်လံ-ပြည်ကားလမ်းမကြီးနှင့်ပွင့်လင်းရာ သီတွင်အလွယ်တကူသွားလာဆက်သွယ်နိုင်သော်လည်း မိုးတွင်းကာလတွင်အလွန်ခက်ခဲ၍ မြို့နှင့်လည်း အလှမ်းဝေးပါသည်။ မိုးတွင်းကာလတွင်ရွာမှထွက်သောသီးနှံများကိုရောင်းချရန် မိုလ်လုကုန်းနှင့်(၆)မိုင် ခန့်ဝေးကွာသော ပြင်ပုံကျေးရွာသို့လှည်းဖြင့်ပို့ဆောက်ရပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသား လမ်းများဖြစ်ပါသည်။ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ မြေပဲ၊ နှမ်း၊ပဲတီစိမ်း၊ဝါနှင့်စပါးဖြစ်ပြီး ဆောင်း ရာသီတွင် ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီများ စိုက်ပျိုးကြပါ သည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အောင်လံမြို့နယ်၊ မိုလ်လုကုန်းအုပ်စု၊ ကျေးရွာသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်၍ စပါး အထွက်နှုန်းမှာလည်း စားဝတ်နေရေးဖူလုံရုံမျှသာထွက်ရှိပါသည်။ အခြားသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဝါနှင့်ပဲတီစိမ်းတို့မှာလည်း အနည်းငယ်မျှသာထွက်ရှိပါသည်။ ရေတင်ပြီးဆောင်းရာသီတွင် ဟင်းသီး ဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပါသည်။ သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသိပညာဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါးသည်။ ကျေးရွာတွင် နွားစာအတွက် စားကျက်တောင် ကုန်းမြေအနည်းငယ်သာ ရှိပါသည်။

## ၄။ ကျေးရွာရှိ ကလျာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဂေါပကအဖွဲ့၊ ဝတ်အ သင်းအဖွဲ့၊လူမှုရေးကဏ္ဍတွင်ပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊အရန်မီးသတ်တပ်ဖွဲ့၊လူငယ်အဖွဲ့၊ ကျောင်း ကော်မတီအဖွဲ့ ၊ လမ်းကော်မတီအဖွဲ့၊ ရေပေးရေးအဖွဲ့ စသည်တို့ ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင်ကဏ္ဍအလိုက်အားတက်သရောပူးပေါင်းဆောင်ရွက်လေ့

ရှိပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင်သာရေးနာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသောအဖွဲ့အစည်းများကအားကောင်းကြပြီး စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့်ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု (၃၁၃)စု၏ (၃၀%)ခန့်သည် ဆင်းရဲသည်ဟုခံယူကြပါသည်။ (၁၉%)ခန့်မှာ ချောင်လည်သည်ဟုဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ(၁)ကေမှ(၃)ကေအတွင်းပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ(၃) ပင်အိမ်၊ ထရံကာ၊ သွပ်မိုးအိမ်အမျိုးအစားဖြစ်ပါသည်။

ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ(၅)ကေနှင့်(၁၂)ကေအတွင်းပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများနှင့်ဝန်ထမ်းများသော မိသားစုများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာသွပ်မိုး၊ပျဉ်ခင်းပျဉ်ကာဖြစ်ပြီးထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကိုကျေးရွာနှင့်(၁၇)မိုင်ခန့်ကွာဝေးသည့် အောင်လံမြို့ဈေးသို့လည်းကောင်း ၊အကြီးစားဈေးကွက်ကို ကျေးရွာနှင့်(၅၀)မိုင်ကွာဝေးသည့်ပြည်ဈေးသို့လည်းကောင်းသွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်းများမှာ အရှည်(၁)မိုင်ခန့်ရှိပြီးမြေသားလမ်းအမျိုးအစားဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာလည်းလမ်းသာသာဖြစ်ပြီးရာသီမရွေးသွားလာ၍မရသဖြင့် မိုးရာသီသီးနှံပေါ်ချိန်များတွင် သီးနှံများတင်ပို့ရောင်းချရန်နှင့် ကျောင်းသား/သူများမှာသွား လာရခက်ခဲပါသည်။ ရွာတွင်းလမ်းအချို့မှာ မိုးရာသီတွင်ရေအိုင်မှုများနှင့်ချောင်းရေလျှံမှုများကြောင့် သွားလာရခက်ခဲပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိကထားဆောင်ရွက်သည့်အတွက်နွားလှည်းကို အသုံးပြုကြပြီးသယ်ယူပို့ဆောင်ရေးတွင်ကား ၊ဆိုင်ကယ်တို့ဖြင့် အဓိကအသုံးပြုကြပါသည်။ သတင်းအချက်အလက်များကိုရေဒီယို ၊တီဗွီ ၊စလောင်းများမှအဓိက ရယူသုံးစွဲကြပြီးဖုန်းအသုံးပြုသူများ သည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်သောက်ရေအတွက် အဝီစိတွင်းများ(စက်တပ်)မှလုံလောက်စွာရရှိပါသော်လည်း နွေရာသီကာလတွင်သုံးရေအခက်အခဲအနည်းငယ်မျှရှိပါသည်။ ကျွဲနွားတိရိစ္ဆာန်များအတွက် ဘုံပိုင်ရေတွင်းများနှင့်ချောင်းမှရရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ (၃၁၃) လုံးရှိပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်း ရှိသော်လည်း တစ်ဦးလျှင် ကျပ် (၁၅၀၀၀၀) မျှသာ ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား (၈၀) ဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ငွေထုတ်ချေးပေးသော်လည်း ပုံစံ (၇) တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း၊ ရွာတွင်းငွေချေးပေးသူထံမှ တစ်လလျှင် အတိုး (၄-၅) နှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့်မြေကွက် ၊ အထည်လက်ဝတ်လက်စားရွှေနှင့် သဘောတူစာချုပ်ချုပ်ဆိုရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

## (င) ပညာရေး

ဗိုလ်လုကုန်းကျေးရွာတွင် သက်ကြီးပိုင်း အနည်းငယ်မှလွဲ၍ အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင်အလယ်တန်းကျောင်းသာရှိပြီး အထက်တန်းနှင့်တက္ကသိုလ်ပညာရပ်များကို အောင်လံ၊ပြည်နှင့်မကွေးမြို့များသို့သွားရောက်သင်ယူကြရပါသည်။

## (စ) ကျန်းမာရေး

ဗိုလ်လုကုန်းကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးနှင့်ပတ်သက်လျှင်(၁၇)မိုင်ခန့်ကွာဝေးသော အောင်လံမြို့နှင့် (၅၅)မိုင်ခန့်ကွာဝေးသော ပြည်မြို့သို့လည်းကောင်းသွားရောက်ဆေးကုသမှုခံယူကြရပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဗိုလ်လုကုန်းကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးဦးရှိ၍ လယ် (၄၁၃) ကေ၊ယာမြေ(၁၄၄၇)ကေရှိပြီး တစ်ရွာလုံး စုစုပေါင်းစိုက်ပျိုးမြေမှာ(၁၈၆၀)ကေရှိပါ သည်။ ကျေးရွာ၏အဓိကသက်မွေးလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပြီးအဓိကသီးနှံမှာနှမ်း ၊ ဝါ၊ပဲတီစိမ်း၊မြေပဲနှင့် စပါးတို့ဖြစ်ပြီး မြေဆီလွှာမှာအသင့်အတင့်သာကောင်းမွန်၍စပါးအထွက်နှုန်းနှင့် အခြားသီးနှံအထွက်နှုန်းတို့မှာလည်း အနည်းငယ်သာထွက်ရှိပါသည်။

စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လုပ်သားရှားပါးမှုနှင့် လုပ်အားခဆေးကြီးမှုတို့ကြောင့် အခက်အခဲများရှိပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကိုလည်း ပြင်ပအရောင်းဆိုင်များမှ ဈေးကြီးပေး၍ ဝယ်ယူအသုံးပြုကြရပါသည်။

စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိက အားထားရသောကြောင့် တောင်သူများမှာ ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေ လုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရပြီး စိုက်ပျိုးရေးအသိပညာ ဗဟုသုတနည်းပါးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်း၊ ချေးငွေမလုံလောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း မကောင်းခြင်းများလည်း ရှိနေပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း နှစ်စဉ် တွေ့ကြုံခံစားကြရပါ သည်။ မိုးခေါင်ခြင်းနှင့်ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာဖြစ်ပေါ်ခြင်း မရှိပါ။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ သို့သော် လုပ်အားခ သတ်မှတ်ရာတွင် ကျား/မ အလိုက် ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

## ၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အဆောက်အဦ | စာသင်ကျောင်းခြံစည်းရိုးပြုလုပ်ရန် | ၁ |
| ၂ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာတွင်းလမ်းများမီးလင်းရေး | ၂ |
| ၃ | အဆောက်အဦ | အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန် | ၃ |
| ၄ | အဆောက်အဦ | စာကြည့်တိုက်ဆောက်လုပ်ရန် | ၄ |
| ၅ | အဆောက်အဦ | ဆရာ/ဆရာမအဆောင်ဆောက်လုပ်ရန် | ၅ |
| ၆ | အဆောက်အဦ | KGကျောင်းဆောင်ဆောက်လုပ်ရန် | ၆ |
| ၇ | အဆောက်အဦ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန် | ၇ |
| ၈ | လမ်းတံတား၊ လျှပ်စစ် | ကုန်ထုတ်လမ်းပြုပြင်ဖောက်လုပ်ရန် | ၈ |
| ၉ | လမ်းတံတား၊ လျှပ်စစ် | ရွာတွင်းလမ်းများမြေနီလမ်းခင်းရန် | ၉ |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၀ | ၂၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၅ | ၅၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၁ | ၅၉ | ၁၁၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၈ | ၆၆ | ၁၃၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၆ | ၄၈၈ | ၉၈၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၄၀ | ၆၆ |
| **စုစုပေါင်း** | | **၅၀၉** | **၅၃၁** | **၁၀၄၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၃၁၃ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) ဗိုလ်လုကုန်းကျေးရွာတွင် အိမ်ထောင်စု(၃၁၃) စု၊လူဦးရေမှာ ကျား(၅၀၉)ဦး၊ မ(၅၃၁)ဦး စုစုပေါင်း (၁၀၄၀)ဦး ရှိပါသည်။

(၂) နို့စို့အရွယ်ကလေးနှင့် (၅) နှစ်အောက်ကလေးနည်းသည်။

(၃) အလုပ်လုပ်နိုင်သည့် လူဦးရေအများစုမှာပြည်ပသို့သွားရောက်လုပ်ကိုင်နေကြပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)** |
|---|---|---|---|---|
| လယ်မြေ | ၄၁၃ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ယာမြေ | ၁၄၄၇ | သင့် | ရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | ၂၂၃ | ညံ့ | ရ | မိုးရေ |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | ၂၀၀ | သင့် | အနည်းအကျဉ်း | မိုးရေ |
| **စုစုပေါင်း** | ၂၂၈၃ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ဗိုလ်လုကုန်းကျေးရွာသည် လယ်မြေ၊ယာမြေ စိုက်ပျိုးဧကအတော်အသင့်ရှိသော်လည်း စိုက်ပျိုးနည်းစနစ်မမှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်ဝယ်ယူစိုက်ပျိုးနိုင်မှုမရှိခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းများမှာ နည်းပါးပါသည်။ မြစ်၊ချောင်းများမရှိ၍ မိုးရေ ကိုသာအားထားစိုက်ပျိုးနေရပါသည်။

(၂) ဗိုလ်လုကုန်းကျေးရွာသည်မြစ်၊ချောင်းများမရှိ၍ မိုးရေကိုသာအားထားစိုက်ပျိုးနေရပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် –၃၀ 'C | ပျှမ်းမျှ မိုးရေချိန် – ၁ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ကျွန်ုပ်တို့ဗိုလ်လုကုန်းကျေးရွာတွင် သဘာဝအရင်းအမြစ်များကို အနည်းငယ်သာရရှိနိုင်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ | ကျေးရွာအပေါ် စီမံအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးရေး ကိစ္စများဆောင်ရွက်ခြင်း တို့တွင်တက်ကြွစွာပါဝင်ဆောင်ရွက် |

| စဥ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ပါသည်။ |
| ၂ | ဂေါပကအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေးနာရေး ကိစ္စရပ်များတွင်တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ပါသည်။ |
| ၃ | ကျောင်း ကော်မတီအ ဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ပညာရေးနှင့်ပတ်သတ်သောလုပ်ငန်း များတွင် တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ပါသည်။ |
| ၄ | ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သာရေး၊ နာရေး ၊ လူမှုရေးနှင့် ကျေး ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက် ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ သည်။ |
| ၅ | ဝတ်အသင်း အဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အခါကြီးရက်ကြီးများတွင်ဝတ်ရွတ် ခြင်းများ ဆောင်ရွက်ပါသည်။ |
| ၆ | နာရေးကူညီ မှုအသင်း | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်ရွာဖွံ့ဖြိုးရေးအတွက်အထောက် အ<br>ကူများပေးပါသည်။ |
| ၇ | သမအသင်း | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မပြေလည်သောအိမ်ထောင်စုများကို ချေးငွေချေးငွေပေးရန် |
| ၈ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာ၏လုံခြုံမှုအတွက်မည်သည့် အချိန်အဆိုစွမ်းစွမ်းတမံဆောင်ရွက် ပေးပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၉ | အမျိုးသမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာ၏မည်သည့်ကိစ္စမဆိုတက်ကြွစွာဆောင်ရွက်ပေးပါသည်။ |
| ၁၁ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သာရေး၊ နာရေး ၊ လူမှုရေးနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ |
| ၁၂ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၁၃ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။**

၁။ ဗိုလ်လုကုန်းကျေးရွာတွင် ကျေးရွာတွင်းအဖွဲ့အစည်းပေါင်း(၁၁)ဖွဲ့ရှိပါသည်။

၂။ ကျေးရွာအခြေပြုအဖွဲ့အစည်းများမှဝင်ရောက်ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးသော်လည်း လက်ခံကျင့်သုံးနိုင်ခြင်း အားနည်းသောကြောင့် အောင်မြင်မှုနည်းပါးသည်။

၃။ ငွေကြေးလည်ပတ်မှုအနေဖြင့် သမဝါယမ၊ပက်မြန်မာ၊ ဂရုနာငွေစုငွေချေးအဖွဲ့များရှိသည့်အတွက် အဆင်ပြေပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ကေ နှင့်အထက် | (၉-၅) ကေကြား | ၅ ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ သွပ်မိုး | ပျဉ်ထောင်၊ သွပ်မိုး | ထရံကာ ၊ သွပ်မိုး | သွပ်မိုးခြေတို |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ဓါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး | လက်လုပ်လက်စား |
| **အိမ်ထောင်စု** | ၇၀ | ၈၆ | ၆၂ | ၉၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။**

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ ခွဲခြားထားခြင်း ဖြစ်ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု (၃၁၃) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၇၀)စု ၊အလယ်အလပ် ရှိသောအိမ်ထောင်စု (၈၆) စု၊ မပြေလည်သောအိမ်ထောင်စု (၆၂)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၉၅)စု တို့ရှိပါသည်။

(၃) ကျေးရွာအိမ်ထောင်စု၏(၃၀%)သည်အလွန်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြသည်။

(၄) မုံညှင်းရိုးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ နည်းပါး၍ အဆင်မပြေသောအိမ် ထောင်စုမှာ အများအပြားရှိပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေရေိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | ၃၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၁ | ၆ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၄၁ | ၁၃ % | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၈၆ | ၂၇ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၇၀ | ၂၃% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု** | ၃၁၃ | ၁၀၀ % | |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | စုစုပေါင်း | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ကျေးရွာတွင် တောင်သူကြီးများနှင့် အလယ်အလတ်တောင်သူများမှာ သီးနှံစိုက်ပျိုးရန်အတွက် လိုအပ်သောအရင်းအနှီးများရရှိနိုင်သော်လည်း ဆင်းရဲသားတောင်သူများမှာ အရင်းအနှီးရရှိရန်ခက်ခဲပါသည်။

(၂) ဥစ္စနေအဆင့်(၄)သည်အဓိက လုပ်ငန်းအနေဖြင့် ကျပန်းလုပ်ငန်းနှင့်ဈေးရောင်းခြင်း လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(၄) မြေယာမဲ့ လက်လုပ်လက်စား အခြေခံလူတန်းစားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်ရမှုသာဝင်ငွေရရှိပြီး အခြားနယ်အသီးသီးသို့ သွားရောက်၍ လုပ်ကိုင်ကြရပါသည်။

**(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၄၀၀ | တင်း | ၄၀ | ၅၀ | ၄၅ | နည်း |
| နှမ်း | ၁၀၀၀ | တင်း | ၅ | ၇ | ၆ | သင့် |
| မြေပဲ | ၇၀၀ | တင်း | ၃၀ | ၄၀ | ၃၅ | သင့် |
| ပဲတီစိမ်း | ၁၀၀ | တင်း | ၅ | ၇ | ၆ | နည်း |
| ဝါ | ၃၀၀ | ပိဿာ | ၄၀ | ၅၀ | ၄၅ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင် စပါးကိုအဓိကထား စိုက်ပျိုးကြပါသည်။ မြေဆီလွှာအသင့်အတင့်သာ ကောင်းမွန်၍ စပါးအထွက်နှုန်းမှာစားဝတ်နေရေးဖူလုံရုံမျှသာရရှိပါသည်။

(၂) ကျန်သီးနှံများကို အသင့်အတင့်သာစိုက်ပျိုး၍ သီနှံအထွက်နှုန်းမှာလည်း သင့်ရုံမျှသာထွက်ရှိပါသည်။

(၃)	သီးနှံဈေးနှုန်း ကျဆင်းနေသည့်အတွက် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၀၉ | ၁၀၀၂ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၂ | ၅၀ |
| သိုး | - | - |
| ဝက် | ၁၃၂ | ၁၇၆ |
| ကြက် | ၂၄၀ | ၂၇၉၂ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုစွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁)	ကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သည့်အတွက်နွားများကို အဓိကထားမွေးမြူကြပါသည်။

(၂)	မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအတွက်ဆိတ်၊ ဝက်နှင့်ကြက်များကိုလည်း မွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | – | – | – | – |
| ၂ | ထုတ်ကုန်လုပ်ငန်း | – | – | – | – |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | ၈ | ၈ | – | လတ် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၆ | – | နိမ့် (ကျေးရွာနှင့်အနီးဝန်းကျင် ရွာများမှာသာလုပ်ကိုင်ခြင်း) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၂ | – | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၂ | – | နိမ့် (ကျေးရွာတွင်း၌သာလုပ်ကိုင်နိုင်ခြင်း) |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၁ | ၅ | ၅ | နိမ့် (အိမ်ဆိုင်များဖြစ်သည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | – | – | – | – |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၂ | ၆ | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | ၂ | ၄ | – | လတ် |
| | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | – | – | – | – |
| ၁၂ | ပညာရေး | ၁ | ၁၀ | – | လတ် |
| ၁၃ | ကျန်းမာရေး | ၁ | ၃ | – | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၃ | ၅၀ | – | မြင့် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | – | – | – | – |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ – ၈၆ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ဗိုလ်လုကုန်းကျေးရွာတွင် အိမ်ဆိုင်ရောင်းဝယ်သူ (၁)ဦးသာရှိပါသည်။

(၂) ဗိုလ်လုကုန်းကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ပြီး အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့် မိသားစုအနည်းငယ်သာရှိပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အောင်လံမြို့ | ပြည်မြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☑ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာမှ(၁၇)မိုင်ခန့် ကွာဝေးသော အောင်လံမြို့သို့ ကုန်စည်များ ပို့ဆောင်ရွာတွင် ကား၊ ထော်လာဂျီများနှင့်ပို့ဆောင်၍အကြီးစားဈေးကွက်သို့ပို့ဆောင်ရာတွင်ကျေးရွာနှင့်(၅၀)ခန့်ကွာဝေးသောကြောင့် ကားများဖြင့် တင်ပို့ရောင်းချမှုများပြုလုပ်ကြပါသည်။ မိုးရာသီတွင်သွားလာဆက်သွယ်ရန်အခက်အခဲရှိပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ | ၀–၁ မိုင်☑ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | ☐ ၅ ☐ | | တစ်နှစ်ပတ်လုံး☑ | ၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း –၁၊ ကျောက်ခင်းလမ်း –၂၊ ကျောက်ချောလမ်း –၃၊ ကွန်ကရစ်လမ်း –၄၊ ကတ္တရာလမ်း –၅

**လေ့လာတွေ့ရှိချက်**

(၁) ရွာတွင်းလမ်းများသည် အတော်အသင့်သာကောင်းမွန်ပါသည်။

(၂) ကျေးရွာ၏ချဉ်းကပ်လမ်းများမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။

(၃) သို့သော်လည်း ကျေးရွာချင်းဆက်သွယ်သော ရွာချင်းဆက်လမ်းသည်(၂)မိုင်ခန့်ဝေးကွာပြီး ပွင့်လင်းရာသီမှသာသွားလာရလွယ်ကူပြီး မိုးရာသီကာလများတွင် သွားလာရခက်ခဲပါသည်။

(၄) မိုးရာသီကာလတွင် လမ်းပမ်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ကူးစက်ရောဂါနှင့် မွေးကိုက်လူနာများ ဆေးရုံ၊ဆေးခန်းသို့ပို့ဆောင်ရာတွင် အခက်အခဲရှိပါသည်။

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ဗိုလ်လုကုန်းကျေးရွာသည်ကုန်းပိုင်းဒေသဖြစ်၍ကားလမ်းကိုအဓိကအသုံးပြု၍ ရေကြောင်းကိုအသုံးပြုမှုမရှိပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၃၀ | ၁၇၁ | - | - | ၄ | - | ၃၁၅ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာမှ အောင်လံမြို့နှင့် အခြားကျေးရွာများသို့ အဓိကသယ်ယူပို့ဆောင်ရေးယာဉ် အဖြစ် မော်တော်ဆိုင်ကယ်၊ကားနှင့် ထော်လာဂျီတို့ကို အသုံးပြုသည်။

(၂) နွားလှည်းကို လယ် ၊ ယာ လုပ်ငန်းများတွင် အသုံးပြုသည်။ အချို့ကနွားလှည်းများကို ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၃၂၀ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**

(၁) ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေး၍ ဆိုလာမီးကိုသာ အဓိကအသုံးပြုကြပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၃၀၁ | ၉၉ | ၁၁၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**

(၁) ကျေးရွာရှိအိမ်တိုင်းနီးပါး ဖုန်းရှိကြပါသည်။PSI , SKY NET စသောစလောင်းများ (၁၁၁) ခုရှိသည့်အတွက်သတင်းအချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ပါသည်။ သတင်းအချက်အလက်အများစုကို ဖုန်းများမှရရှိပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၈ | ၅၆ | ၁၁၄ |
| အလယ်တန်း | ၄၉ | ၅၃ | ၁၀၂ |
| အထက်တန်း | ၁၈ | ၂၀ | ၃၈ |
| တက္ကသိုလ်/ကောလိပ် | ၁၀ | ၁၇ | ၂၇ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ မူလတန်းတွင် တက်ရောက်သည့် ကျောင်းသားဦးရေသည် ကျေးရွာရှိ မူလတန်းကျောင်းသားအရွယ် ကလေးငယ်၏ ရာနှုန်းပြည့် ဖြစ်ပါသည်။

၂။ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်တက်ရောက်သူဦးရေမှာ အတော်အသင့်ရှိပါသည်။

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☑<br>အထက်တန်း(ခွဲ)☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐ |

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td></td><td colspan="3">အထက်တန်း☐</td><td colspan="3">အထက်တန်း☑</td><td colspan="3">အထက်တန်း☐</td></tr>
<tr><td>ခ။ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☑<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☑<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">၇၂၀၀</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။အမိုးနံရံအခင်း အရည်အသွေး</td><td colspan="3">ကောင်း☐သင့်☑ညံ့☐</td><td colspan="3">ကောင်း☐သင့်☑ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td></tr>
<tr><td>စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑</td><td colspan="3">လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☑</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ☑</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဇ။ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>–</td><td>၉</td><td>၉</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td>–</td><td>–</td><td>–</td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင်အလယ်တန်းကျောင်းဖြစ်ပြီးကျောင်းသုံးပရိဘောဂပစ္စည်းများလည်းလုံလောက်မှုမရှိပါ။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့် ☐ | မရှိ☑ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ မိုးရာသီ၌ ကျေးရွာတွင်ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တတ်ပါသည်။၎င်းအပြင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများလဲဖြစ်တတ်ပါသည်။

၂။ တီဘီ၊ဆီးချို၊သွေးတိုးများလည်း အနည်းငယ်ရှိကြပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာသို့ တိုက်နယ်ဆေးပေးခန်းမှ ကာကွယ်ဆေးများအပတ်စဉ်လာရောက်ထိုးနှံပေးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ၏ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

၂။ ကလေးများ၏ခန္ဓာကိုယ်ဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်မှုတို့အတွက် ကျေးရွာမှအလှူရှင်များမှ တစ်လတစ်ကြိမ် အာဟာရတိုက်ကျွေးပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☑ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁)မိုင်ခန့်ကွာဝေးပါသည်။ လိုအပ်လာပါကတိုက်နယ်ဆေးရုံနှင့်မြို့နယ်ဆေးရုံသို့သွားရောက်ဆေးကုသမှုခံယူကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၃ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ စက်တပ် | ၇ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | ၂၅ | ကောင်း☐ သင့်☑ ညံ့☐ | - |
| မိုးရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| သိုလှောင်ကန် | | | |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင်အဝီစိတွင်းနှင့်တုံကင်တွင်းများမှရာသီမရွေးခပ်ယူသုံးစွဲနိုင်သော်လည်း နွေရာသီကာလများတွင် ရေလုံလောက်မှုရှိပါ။

## (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၁၃ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာ၌ အိမ်သာအသုံးပြုရာတွင် ယင်လုံအိမ်သာများကို အဓိကအသုံးပြုကြပါသည်။အိမ်ထောင်စု၏(၁၀၀%)မှာ ရှိပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းချိန်များတွင် အများဆုံးကြုံတွေ့ရ ပါသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် ခက်ခဲပါသည်။ |
| ၃ | ရေကြီးခြင်း | ရေကြီးနစ်မြုပ်မှုများ မကြုံတွေ့ရပါ။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံ ပျက်စီးမှုများ အားကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | ပျက်စီးမှုမရှိပါ။ |
| ၇ | လျှပ်စီး | ပျက်စီးမှုမရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | ပျက်စီးမှုမရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လောင်စာ ထင်းအဖြစ်သုံးစွဲမှု များသောကြောင့် သစ်ပင်ကြီးများ ရှားပါးလာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | ရှိ(အနည်းအကျဉ်း) |
| ၁၃ | တီဘီရောဂါ | ရှိ(အနည်းအကျဉ်း) |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ရှိ(အနည်းအကျဉ်း) |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မိုးတွင်းကာလတွင်အခက်အခဲရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ လက်လုပ်လက်စား ကျပန်းသမားများအနေဖြင့် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါသည့် လများတွင် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းများကြောင့် နယ်ထွက်လုပ်ကိုင်သည့် ဦးရေများပြားပါသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးချိန်နှင့် သီးနှံရိတ်သိမ်းချိန်များတွင် လုပ်သားရှားပါးမှု နှင့် လုပ်သားဈေးနှုန်းမြင့်တက်မှုများလည်း ကြုံတွေ့ရပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | ဓါတုဆေးများအလွန်အမင်းသုံးစွဲခြင်းကြောင့် မြေဆီလွှာများပျက်စီးရပါသည်။ |
| အပင်မျိုးစိတ်များ | လတ် | ထင်းသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပါသည်။ |
| ရေအရင်းအမြစ် | လတ် | မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ ဓါတ်မြေသြဇာများသုံးစွဲလာမှုကြောင့် မြေဆီလွှာပျက်စီးမှုများရှိလာပါသည်။

၂။ ထင်းသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပြီး သစ်တောများအား အမှီပြု နေထိုင်သည့် ငှက်မျိုးစိတ်များလည်း ရှားပါးလာပါသည်။

**(၁၀ ) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင်ဆေးနွေးပွဲများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်ရှိသည်ကို တွေ့ရှိရပါသည်။

## အောင်လံမြို့နယ်၊ ဗိုလ်လုကုန်းကျေးရွာအုပ်စု၊ ဗိုလ်လုကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၁)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | Þအစုအဖွဲ့ဖြင့်စနစ်တကျအောလုပ်ကိုင်ရာတွင်ပါဝင်ဆုံးဖြတ်နိုင်စွမ်းရည်ရရှိစေရန် အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | အစဉ်အလာအရခေါင်းဆောင်ဆုံးဖြတ်သည့်အတိုင်းလိုက်နာသည့်အကျင့်ပါနေခြင်း | အချင်းချင်းရင်းနှီးခင်မင်မှုရှိခြင်း | ငွေကြေးမပြည့်စုံသောဆင်းရဲသားအိမ်ထောင်စုများစိုးရိမ်သိမ်ငယ်စိတ်ရှိခြင်း | လူ့စွမ်းရည်နှင့်ဖွံ့ဖြိုးရေးသဘောတရားတို့ကို အမြင်ဖွင့်ဟပြောဆိုခြင်း | ကျေးရွာအဖွဲ့အစည်းများမှစွမ်းရည်မြှင့်သင်တန်းများတက်ရောက်စေခြင်း၊ခေါင်းဆောင်မှုသင်တန်းများ၊စာရင်းသင်တန်းများ၊အခြား |
| ၂ | **စိုက်ပျိုးသီးနှံ** | | | | | |
| | Þနည်းပညာအသုံးပြုနိုင်မှုစနစ်တကျမရှိခြင်း | Þဝန်ဆောင်မှုအားနည်းခြင်း | Þစိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်လွယ်ကူခြင်း | Þသက်ဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းမှုအားနည်းခြင်း | Þဝန်ဆောင်မှုပြည့်ဝစွာရရှိရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်ရန် | Þစိုက်ပျိုးရေးနည်းပညာများရရှိရန်အရေးကြီးသွင်းအားစုများရရှိမှုတိုးတက်စေရန် |
| | Þပိုးနှင့်ရောဂါကျခြင်း | Þသဘာဝအရရောဂါပိုးမွှားများကျနိုင်သည့်အခြေအနေများပေါ်စုံဖြစ်ပေါ်ခြင်း | Þစိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်မှုလွယ်ကူခြင်း | Þစိုက်ပျိုးရေးသုံးပစ္စည်းများနှင့်ဆေးများအားကုမ္ပဏီများမှရောင်းရရေးသာအလေးထားခြင်း | Þအခက်အခဲများကိုဖြေရှင်းနိုင်ရန်စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်ရန် | Þအရေးကြီးသွင်းအားစုများရရှိမှုတိုးတက်စေခြင်း |
| | Þမြေစီညံ့ခြင်း | Þသဘာဝမြေသြဇာနွားချေး၊ မြေဆွေးလုံလောက်စွာမထည့်ခြင်း၊ သီးနှံတစ်မျိုးတည်းနှစ်စဉ်စိုက်ပျိုးခြင်း၊ | Þသဘာဝမြေသြဇာနွားချေး၊ မြေဆွေးများလွယ်ကူစွာရရှိခြင်း | - | | - |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | မွေးမြူရေး | | | | | |
| | ⊳မွေးမြူရေးနည်းစနစ်အား နည်းခြင်း | ⊳နည်းပညာဝန်ဆောင်မှုမသိရှိခြင်း | ⊳မြို့နှင့်ချိတ်ဆက်လွယ်ကူနိုင်ခြင်း | ⊳သက်ဆိုင်ရာမွေး/ကုဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း | ⊳မျိုးကောင်းမျိုးသန့်များရရှိရန် မြို့နယ်မွေးကုဦးစီးဌာနနှင့်လုပ်ငန်းရှင်များချိတ်ဆက် ဆောင်ရွက်ပေးခြင်း | |
| ၄ | စိုက်ပျိုးရေး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ | | | | | |
| | ⊳အလုပ်အကိုင်အခွင့်အလမ်းများပါးခြင်း | ⊳ဒေသခံများအခြေခံပညာအားနည်းခြင်း၊ဝန်ဆောင်မှုနှင့်အတတ်ပညာကျွမ်းကျင်မှုအားနည်းခြင်း | ⊳အောင်လံမြို့နယ်တွင်စက်ရုံအလုပ်များရှိခြင်း | | ⊳သက်ဆိုင်ရာအဆင့်ဆင့်သို့မူဝါဒဆိုင်ရာပံ့ပိုးပေးရန်တင်ပြတောင်းဆိုခြင်း | ⊳အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း |
| ၅ | ဘဏ်နှင့်ငွေကြေးဆိုင်ဝန်ဆောင်မှုလုပ်ငန်း | | | | | |
| | ⊳စီးပွားရေး၊လူမှုရေးနှင့်အရေးပေါ် ကိစ္စများအတွက် ချေးငွေရရှိနိုင်မှု ခက်ခဲခြင်း | ⊳အစိုးရဌာနချေးငွေများတွင် ကန့်သတ်ချက်များသဖြင့် အဆင်မပြေ၊ ပုဂ္ဂလိကဘဏ်များ အာမခံမပါလျှင် ငွေမချေးခြင်း | | | ⊳လုပ်ငန်းအမျိုးအစားအလိုက် ခိုင်မာစွာပေါ်ပေါက်လာရေးအတွက် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း | ⊳အစိုးရဌာနများမှ ထုတ်ချေးသည့် ချေးငွေများ တင်ပြတောင်းဆိုခြင်း |
| ၆ | ပညာရေး | | | | | |
| | ⊳ကျောင်းအဆောက်အဦး မလုံလောက်ခြင်း | ⊳ကျောင်းသား/သူများ များပြားခြင်း<br>⊳ကျောင်းအဆောက်အဦး တိုးချဲ့ရန် လိုအပ်ခြင်း | | | ⊳ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များကို တင်ပြတောင်းဆိုခြင်း<br>⊳ကျေးလက်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း | ⊳အဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း ပြည့်စုံစွာပံ့ပိုးခြင်း<br>⊳ဆရာ/ဆရာမ များအတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်စေသောပံ့ပိုးမှု( နေစရာ၊ လုံခြုံရေး၊ မီး) သေချာဖြင့် |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | ကျန်းမာရေး | | | | | |
| | ရာသီအလိုက်ဖြစ်သော<br>ရောဂါများဖြစ်ခြင်း | ရာသီဥတုက ရောဂါဖြစ်မှုကို<br>အားပေးနေခြင်း | | Þကျေးရွာတွင် ဆေးပေးခန်း<br>မရှိခြင်း | Þကျန်းမာရေးဆိုင်ရာ အဆောက်<br>အအုံနှင့် ဆေးခန်းဆောက်လုပ်<br>ခြင်း | Þထိရောက်သည့် ကျမ်းမာရေး<br>ဝန်ဆောင်မှု ရရှိရန် ဆောင်ရွက်<br>ခြင်း<br>Þကျန်းမာရေးပညာပေးနှင့် သင်<br>တန်းများ ဖွင့်လှစ်ပေးခြင်း<br>Þကျေးလက်ကျန်းမာရေးဆိုင်ရာ<br>အဆောက်အအုံနှင့် ဝန်ထမ်း<br>ရရှိအောင် တောင်းဆိုခြင်း |
| ၈ | လမ်းတံတား/လျှပ်စစ် | | | | | |
| | Þသယ်ယူပို့ဆောင်မှု လမ်း<br>မကောင်းခြင်း<br>Þရွာတွင်းလမ်းမကောင်းခြင်း | Þမြေသားလမ်းဖြစ်နေခြင်း | | | Þကျေးရွာဆပ်ကော်မတီ ဖွဲ့စည်း<br>ပြီး မြို့နယ်ကျေး/လက် ဦးစီးဌာန<br>နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | Þလမ်းပမ်းဆက်သွယ်ရေးတိုးတက်<br>ကောင်းမွန်အောင်ဆောင်ရွက်ခြင်း<br>Þလမ်းတံတားများ ဆောက်လုပ်ခြင်း<br>မြှပြင်ခြင်း |
| | Þလျှပ်စစ်မီးမရရှိခြင်း | Þလျှပ်စစ်ဌာနနှင့် ချိတ်ဆက်မှု<br>အားနည်းခြင်း<br>ငွေကြေးမတတ်နိုင်ခြင်း | Þမဟာဓါတ်အားလိုင်းနှင့်နီးခြင်း | | Þကျေးရွာမီးလင်းရေးကော်မတီ<br>ဖွဲ့စည်းပြီး လျှပ်စစ်ဌာနနှင့် ချိတ်<br>ဆက်ဆောင်ရွက်ခြင်း | Þကျေးရွာမီးလင်းရေး<br>မဟာဓါတ်အားလိုင်းမှ မီးသွယ်တန်း<br>ခြင်း |
| ၉ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| | Þကစားကွင်းမရှိ | Þဆင်းရဲခြင်း | Þကိုယ်လက်ကျန်းမာ/ကြံ့ခိုင်ခြင်း | | Þတန်ဖိုးကြီးပစ္စည်းများ မလိုသည့်<br>အားကစားနည်းများမှ စတင်၍<br>လူငယ်များအားကစားမှန်မှန်<br>လုပ်လာနိုင်စေရန် အားကစား<br>ကွင်းနေရာစီစဉ်ပေးခြင်း | Þကိုယ်စိတ်ကျန်းမာ၍ ဗဟုသုတ<br>ဖြစ်စေသောအပန်းဖြေမှုများစီစဉ်<br>ဖန်တီးပေးခြင်း<br>Þလူငယ်များစုဖွဲ့ကစားနိုင်ရန်စီ<br>စဉ်ဖန်တီးပေးခြင်း |
| | Þစာဖတ်မည့်သူမရှိခြင်း | Þကျူရှင်စာနှင့်ကျောင်းစာသာ | | | Þစာဖတ်ချင်စိတ်ရှိလာအောင်ဖန် | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် ခိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ကျက်မှတ်နေရခြင်း | | | တီးပေးခြင်း<br>Þကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ခြင်း | Þစာဖတ်သူအစုအဖွဲ့များဖွဲ့စည်းပြီးစာအုပ်များဝယ်ယူ၍ လဲလှယ်ဖတ်ရှုပြီး ဆွေးနွေးသည့်အလေ့အထဆောင်ရွက်ပေးခြင်း |
| | Þယဉ်ကျေးမှု | Þနှစ်စဉ်ဘုရားဆွမ်းလောင်းပွဲကျင်းပခြင်း | | | | |
| | Þမူးယစ်ဆေးအန္တရာယ် | Þလွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်း | | | Þမူးယစ်ကင်းစင်ပတ်ဝန်းကျင်ဖြစ်လာအောင် ဖန်တီးခြင်း | Þအရက်/မူးယစ်ဆေးကင်းစင်ကျေးရွာဖြစ်ရန် အားလုံးပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ခြင်း |